ဘာသာစကားပေါင်းစုံနေထိုင်မှုလမ်းညွှန်

# P အရေးပေါ်အခြေအနေ၊ သဘာဝဘေးအန္တရာယ်

P အရေးပေါ်အခြေအနေ၊ သဘာဝဘေးအန္တရာယ်ထိပ်သို့

## 1 အရေးပေါ်ဖြစ်ပွားစဉ်

အရေးပေါ်လူနာ၊မီးလောင်ခြင်းနှင့်မတော်တဆယာဉ်တိုက်မှုဖြစ်ပွားခြင်း၊ခိုးမှုစသည့်အမှုအခင်းနှင့်ရင်ဆိုင်ရသည့်အခါ ပျာယာခတ်ခြင်းမရှိဘဲစိတ်အေးအေးထားပြီး အကူအညီကို တောင်းခံပါ။

ဤအခန်းတွင် အရေးပေါ်အခြေအနေမှာ ဆက်သွယ်နိုင်သည့်အဖွဲ့အစည်းများနှင့် လုပ်ဆောင်သင့်သည့်အချက်များကို ရှင်းပြမည်။

### 1-1 အရေးပေါ်လူနာ၊ မီးလောင်ခြင်း၊ ယာဉ်တိုက်မှု၊ အမှုအခင်း ဖြစ်စဉ် ဆက်သွယ်နိုင်သည့်ဖုန်းနံပတ်များ

#### (1) အရေးပေါ်ဖုန်းနံပါတ်များ

အောက်ပါအရေးပေါ် အခြေအနေ၄မျိုးအလိုက် အရေးပေါ်ဖုန်းနံပါတ်ကို သီးခြားသတ်မှတ်ပေးပါသည်။ မည့်သည့်ဖုန်းနံပါတ်ကိုမဆို ၂၄နာရီ ဆက်သွယ်အကြောင်းကြားအကူအညီရယူနိုင်သည်။

● **အရေးပေါ်ဖုန်းနံပါတ်များ။**

| | |
|---|---|
| အရေးပေါ်လူနာ<br>နံပါတ်119 (မီးသတ်ဌာန)<br>ရုတ်တရက်ရောဂါဝေဒနာခံစား ရခြင်းနှင့်ထိခိုက်ဒဏ်ရာရရှိခြင်း စသဖြင့်အရေးပေါ်လူနာတင် ယာဉ်လိုအပ်သည့်အခါ  | မီးလောင်ခြင်း။<br>နံပါတ်119(မီးသတ်ဌာန)  |
| မတော်တဆ<br>ယာဉ်တိုက်မှုဖြစ်ပွားခြင်း<br>နံပါတ်110 (ရဲဌာန)  | အမှုအခင်း<br>နံပါတ်110 (ရဲဌာန)  |

အလွန်အရေးပေါ်ဖြစ်မှသာသုံးရမည့်နံပါတ်သာဖြစ်ပါသည်။ တိုင်ပင်ဆွေးနွေးခြင်း၊ စုံစမ်းမေးမြန်းခြင်းအတွက်မဆက်ပါနှင့်။ အရေးပေါ်လူနာတင်ယာဉ်သည်အခမဲ့ဖြစ်ပါသော်လည်းမိမိကိုယ်ပိုင်ကား (သို့) တက္ကစီစီးနိုင်လောက်သည့်ပေါ့ပါးသည့်ရောဂါနှင့်ထိခိုက်ဒဏ်ရာဖြစ်ခဲ့လျှင် အသုံးမပြုနိုင်ပါ။

**(2) အရေးပေါ်နံပါတ်သို့ ဆက်သွယ်နိုင်သည့် ဖုန်းအမျိုးအစားများ**

အိမ်ဖုန်း၊အများသုံးဖုန်း၊လက်ကိုင်ဖုန်း၊ မည်သည်မှမဆို နံပါတ်119 ၊ 110သို့ဆက်သွယ်နိုင်ပါသည်။

အိမ်ဖုန်း ၊အများသုံးရုံးဖုန်းမှဆက်သည့်အခါ လိပ်စာမပြောသော်လည်း ဆက်သွယ်လာသည့်နေရာကို အလိုအလျောက်သိရှိနိုင်ပါသည်။

**●အများသုံးဖုန်းမှဆက်ပုံဆက်နည်း။**

အများသုံးဖုန်း၏ "အရေးပေါ်အကြောင်းကြားခလုတ်" ကိုနှိပ်လိုက်လျှင်ငွေအကြွေ၊ ဖုန်းကတ်မလိုအပ်ပါ။ လက်ကိုင်ခွက်ကို မလိုက်ပြီး အနီရောင် "အရေးပေါ်အကြောင်းကြားခလုတ်"ကို နှိပ်ပြီးမှ နံပါတ် "119" "110" ကို နှိပ်ရပါမည်။